# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဂ-၉(က)၊ ငွေကြေး အထောက်အပံ့ပေးခြင်းနှင့် စပ်လျဉ်းသည့် အစုရှယ်ယာရှင် အစည်းအဝေးအကြောင်းကြားစာ

*ပုဒ်မ ၁၃၃ (ဃ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

**မှတ်ချက်**
သတ်မှတ်ပုံစံတွင် လိုအပ်သောအချက်အလက်များကို
ဖြည့်စွက်ရန် နေရာလုံလောက်မှု မရှိပါက သီးခြားစာရွက်တွဲ၍
အချက်အလက်အသေးစိတ်ကို ဖော်ပြရန်။

ရုံးသုံးအတွက်သာ

## ကုမ္ပဏီအမည်

## မှတ်ပုံတင်အမှတ်

## ၁။ အထွေထွေညွှန်ကြားချက်များ

ပုဒ်မ ၁၃၀၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် ပြဋ္ဌာန်းထားသည်မှာ သတ်မှတ်အရည်အချင်းပြည့်မီသော ကုမ္ပဏီများသည် ကုမ္ပဏီ သို့မဟုတ် ယင်း၏အများစုပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုခုရှိ အစုရှယ်ယာများကို ရယူနိုင်ရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ သတ်မှတ်ချက်များနှင့်ညီညွတ်လျှင် ငွေကြေးအထောက်အပံ့ ပေးအပ်နိုင်သည်။

ပုဒ်မ ၁၃၃၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် ပြဋ္ဌာန်းထားသည်မှာ ကုမ္ပဏီသည် ငွေကြေး အထောက်အပံ့ ပေးခြင်းအတွက် ကုမ္ပဏီ သို့မဟုတ် ယင်း၏ အများစုပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုခုရှိ အစုရှယ်ယာရှင်များ၏ အတည်ပြုချက် လိုအပ်သည်။ ကုမ္ပဏီသည် အစုရှယ်ယာရှင်များ အစည်းအဝေးတွင် ယင်းကိစ္စအတွက် ဆန္ဒမဲပေးရန် အကြောင်းကြားရမည်။ အစည်းအဝေးအတွက် အဆိုပြုအကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံ ပထမဦးစွာပေးပို့တင်ပြရမည်။

ပုဒ်မ ၁၃၃ (ဃ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

> "(ဃ) ခေါ်ယူကျင်းပမည့် အစည်းအဝေးအကြောင်းကြားစာအား အစုရှယ်ယာရှင်များထံသို့ ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါ စာရွက်စာတမ်း မိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည် -
>
> (၁) အစည်းအဝေးအကြောင်းကြားစာ၊
>
> (၂) ကုမ္ပဏီတွင် ပါဝင်သူများထံသို့ ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် ငွေကြေးအထောက်အပံ့ ပေးခြင်း နှင့် သက်ဆိုင်သော စာရွက်စာတမ်း။
>
> ကုမ္ပဏီသည် အစည်းအဝေး အကြောင်းကြားစာနှင့် ယင်းနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်းကို ဖော်ပြလျက် မတည်ငွေရင်း လျှော့ချခြင်းအား အတည်ပြုမည့် အစည်းအဝေး တစ်ရပ်ခေါ်ယူကျင်းပရန်ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာ တစ်ခုခုတွင် ထည့်သွင်းဖော်ပြရမည်။ "

## ၂။ အစည်းအဝေး အဆိုပြုအကြောင်းကြားစာ မိတ္တူပူးတွဲရန်။

## ၃။ အစုရှယ်ယာရှင်များထံပေးပို့သော အစည်းအဝေးအကြောင်းကြားစာ နှင့် အတူ ငွေကြေးအထောက်အပံ့ပေးခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်း(များ) မိတ္တူကို ပူးတွဲရန်။

## ၄။ အခွင့်အာဏာ အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်က လက်မှတ်ရေးထိုးသည်မှာ

ဤပုံစံပါ အချက်အလက် နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများသည် မှန်ကန်ကြောင်း သက်သေပြုပါသည်။

လက်မှတ် ____________________________________________

**အင်္ဂလိပ်ဘာသာဖြင့် အမည်အပြည့်အစုံကို ဖော်ပြရန် (မဖြစ်မနေရေးသွင်းရန်)**

ရာထူး ☐ ဒါရိုက်တာ ☐ အတွင်းရေးမှူး

## ၅။ ပေးပို့သူ

အမည်

နေရပ်လိပ်စာ

တယ်လီဖုန်း

အီးမေးလ်

## ၆။ ပူးတွဲပါစာရင်း

အောက်ပါတို့ကို ဤလျှောက်လွှာပုံစံနှင့်အတူ ပူးတွဲရမည် -

- ☐ အစုရှယ်ယာရှင်များအစည်းအဝေးအဆိုပြုအကြောင်းကြားစာမိတ္တူ။
- ☐ အစုရှယ်ယာရှင်များသို့ အကြောင်းကြားစာနှင့်အတူ နောက်ထပ်ပူးတွဲရမည့် စာရွက်စာတမ်းများရှိလျှင်။
- ☐ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး။